# ပြည်သူ့လွှတ်တော် သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဌွေး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃၀

ပြည်သူ့လွှတ်တော် သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဌွေး သည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင် နှင့်သစ်တောရေးရာကဏ္ဍမှ တာဝန်ရှိသူများအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အဦ ရေးရာဆောင် အမှတ် (I-10) အောက်ထပ်၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် ကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ကော်မတီနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာန ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြစေလိုကြောင်း၊ ကော်မတီမှ ကူညီဆောင်ရွက်ပေးရမည့် ကိစ္စရပ်များအား ဆွေးနွေးတင်ပြကြစေလိုကြောင်း၊ ယခုလို တက်ရောက်လာကြသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်နှင့် သစ်တောရေးရာကဏ္ဍမှ တာဝန်ရှိသူများက မြန်မာ့သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်း၊ ရေဝေ ရေလဲဒေသ ထိန်းသိမ်းကာကွယ်ခြင်း၊ နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်း၊ ဘူမိဥယျာဉ် သတ်မှတ်တည်ထောင်ခြင်းဆိုင်ရာကိစ္စရပ်များ၊ အပူပိုင်းစိမ်းလန်း စိုပြေရေးနှင့်စပ်လျဉ်း၍ သစ်တော စိုက်ခင်းတည်ထောင်ရေး၊ သဘာဝတောကျန်များထိန်းသိမ်းကာကွယ်ရေး၊ ထင်းအစား အခြားလောင်စာ တိုးမြှင့်အသုံးချရေး၊ ရေရရှိရေးအကောင်အထည်ဖော် ဆောင်ရွက်မှုတို့နှင့် ပတ်သက်သည့်ကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး ချမှတ်ထားသော မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များ၊ မဟာဗျူဟာများအား ဆောင်ရွက်ထားရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ကော်မတီအဖွဲ့ဝင်များမှ သိရှိလိုသည် များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြသည်။